ဆရာနယ်နမိတ်
(ငမိုးရိပ်)

# အကျဉ်းထောင်ထဲက နာနာဘာဝများ



# အကျဉ်းထောင်ထဲက နာနာဘာဝများ

ကျွန်တော် ဒီနေ့ အလုပ်အားတဲ့ အတွက် ဝါးရုံပင် အောက်မှာ အပန်းဖြေ အနားယူ အိပ်နေတယ်။ ပူပြင်းလှသော နေရောင်ကို အန်တုပြီး အစီအရီ ပေါက်နေတဲ့ ဝါးရုံပင်များက သဘာဝရဲ့ ရာသီဥတု ဒဏ်ကို ကြံ့ကြံ့ခံပြီး ခိုနားသူ အပေါင်းကို အေးမြတဲ့ အရိပ်ကို ပေးစွမ်းတယ်။ ဘယ်လောက်ပဲ သူ့ကို ခုတ်ခုတ် အရိပ်ကတော့ ပေးမြဲပါပဲ။ မိုးရွာရင် တစ်မျိုး လေတိုက်ရင် တစ်ဖုံ နေပူရင် တစ်မျိုး အမြဲမပြတ် ခိုနားနိုင်တယ်။ ကျွန်တော့် အတွက်တော့ အရိပ် မိုးပေးတဲ့ ကျေးဇူးရှင် ဆိုလည်း မမှားပေ။ ပင်ပန်း မောပန်းနေရင် ဝါးရုံပင်အောက် အနားယူ အိပ်စက်လိုက်ရင် ပင်ပန်း မောပန်း နေတာတွေ ပျောက်ကင်း သွားတယ်။

"ဟ မြတ်မင်းခန့် အိပ်လှပါလား ဟကောင် ဟကောင်"

"အင်း အာ ဟိုင်း ဟိုင်း"

"ဟကောင် ထဟ အတော် အိပ်ပုတ်ကြီးတဲ့  ကောင်ဘဲ"

"ဟာ  ဦးလေးကလည်း  ဗျာ  ဒီမှာ ဝါးရုံပင်  အောက်မှာ လေးအေးအေးလေးနဲ့ အိပ်လို့ ကောင်း နေတာကို လာနှိုးနေတယ်"

"ငါမင်းကို ပြောစရာရှိလို့ အခု မင်းအားတယ် မလား"

"အင်း အားတယ်လေ"

"အဲဒါဆို ငါနဲ့ စျေးလိုက်ခဲ့ကွာ ငါ ဝယ်စရာရှိလို့ "

"အမယ် ဒီလိုတော့ ဘယ်ရမလဲ လိုက်စေချင်ရင် ကျွန်တော့်ကို လိုက်ခ ပေးရမယ်"

"မင်းကတော့ကွာ တူရီးချင်းကို ငွေကြောင်းက ပြောပြီ"

"မဟုတ်ပါဘူး ဦးလေး ကျွန်တော် သိချင်တာကို ပြောပြရင် လိုက်မယ် ပြောတာပါ"

"အေး ပြောကွာ မင်းက ဘာသိချင်တာလဲ"

"ဦးလေး ထောင်ခြောက်လ ကျတုန်းက ထောင်ထဲက သရဲတို့ တစ္ဆေတို့ အကြောင်း ပြောပြလေ။ အဲဒါဆို လိုက်မယ်"

"အေးကွာ ပြောပြမယ်။ တွေ့ခဲ့ရတာတော့ အစုံဘဲကွ။ မင်းကြိုက်မယ် ထင်တာကို ပြောပြမယ် ဒီလို"

လွန်ခဲ့တဲ့ ခြောက်လတုန်းက ငါချဲမှုနဲ့ ထောင်ကျခဲ့တယ်၊ ထောင်ထဲရောက်တော့ တန်းစီးက စစ်ဆေးမေးမြန်းတယ်။ တန်းစီး နာမည်က စိုးကြီးတဲ့ ။ နှစ်ကြီး သမားကြီး ပေါ့ကွာ။ သူနဲ့ အတူ ထောင်ပြာတာနဲ့ ထောင်မှူး လေးတို့ လည်း ပါတယ်။ တန်းစီးက စစ်ဆေးပြီး ထောင်ပြာတာက ထောင်မှူးလေးကို တင်ပြရတယ်။ ထောင်မှူးလေးက စာရင်းပြုစု ထားတယ်။

ထောင်ထဲ ရောက်လာသူ တွေကလည်း အမျိုးမျိုး ခိုးမှုနဲ့ ကျလာတဲ့သူ၊ ခါးပိုက်နှိုက်မှုနဲ့ ကျလာသူ၊ မုဒိမ်းမှုနဲ့ ကျလာသူ၊ လူသက်မှုနဲ့ ကျလာသူ၊ ချဲမှု၊ ဘိန်းမှု၊ လက်နက်ကိုင်မှု ကျလာသူတွေနဲ့ စစ်ဆေး ခံရတယ်၊ တန်းစီးက ထောင်ပြာတာကို ပုံစံလုပ်ပုံ လုပ်နည်းကို သုံးကြိမ် ပြ ခိုင်းတယ်။ ပြီးမှ ထောင်ထဲ ဝင်လာသူကို လုပ်ခိုင်းတယ်။

"ကဲ ထောင်ပြာတာ သူတို့ ကို ပုံစံလုပ်ပုံ လုပ်နည်းလေး ပြလိုက်ကွာ
"

"ဟုတ်ကဲ့"

"ကဲ အားလုံးသေချာ ကြည့်ထားကြ"

ထောင်ပြာတာက ဒူးကို အပေါ်ထောင် ဖင်ကို ကြမ်းပြင်နဲ့ ထိပြီး လက်သီးများ ဆုပ် ဒူးပေါ်ကို တင်ပြီး ခေါင်းကို မော့ထားတယ်။ အခုမှ ပုံစံ သဘောကို သိရတယ်။ အဲဒီနောက်မှ ထောင်သား အားလုံးက ပုံစံ အတိုင်း လိုက်လုပ်ကြတယ်၊ ပြီးရင် တစ်ယောက်ချင်း ခေါ်ကာ အဖအမည် အမိအမည် အမှုကိစ္စတို့ ကို မေးပြီး ဘယ်လောက်ကျလဲ ပြောခိုင်းပြီး နာမည်အလိုက် တံဆိပ်များ ရိုက်နှိပ် ပေးတယ်၊ ထောင်မှူးလေးက ကျရာအခန်းကို ပြောပြီး သွားခိုင်းမှ သွားကြရတယ်။

စစရောက် တုန်းကတော့ ထောင်က ပျင်းစရာကြီးလို့ ထင်ရပေမဲ့ အချိန် ကြာလာတော့ ပျော်လာတယ်၊ ရေချိုးရင်လည်း တစ် နှစ် သုံး လေး ခေါ်ပြီး ချိုးကြတော့ အတွဲညီညီနဲ့ ပျော်စရာ ကောင်းသလို မြောင်းတူး၊ စိုက်ပျိုးရေးလုပ်၊ မိလ္လာကျုံး စတဲ့ အလုပ်တွေကို တစ်လှည့်စီ ထောင်သားတွေ လုပ်ကြရတယ် ။ မြောင်းတူးတဲ့ နေ့ စိုက်ပျိုးရေးလုပ်တဲ့ နေ့တွေဆို ရယ်စရာလည်း ကောင်းသလို ပျော်စရာလည်း ကောင်းတယ်။ မိလ္လာကျုံးရတဲ့ နေ့ဆို စိတ်ညစ်ရတယ်။

တစ်နေ့တော့ ငါရယ် ကုလားရယ် ရဲထွန်းရယ် ညကိုးနာရီလောက် မိလ္လာကျုံး ရာက ပြန်လာခဲ့တယ်။ ညမှောင်နေတော့ ထောင်သားတွေ အကုန် ကိုယ့်အခန်းမှာ စာဖတ်သူ ဖတ် တစ်ခန်းနဲ့ တစ်ခန်း ကပ်နေတဲ့ သူတွေက အပြင်က အကြောင်း ပြောကြနဲ့ မအိပ်သေးတဲ့ အချိန် ပင်ပန်းတဲ့ ဒဏ်တွေနဲ့ စိတ်ဖိစီး နေခဲ့တယ်။ ထိုစဉ် နောက်ကနေ

"ကျီ ကျီ ဖျပ်ဖျပ်"

"ဟ ဘာလဲဟ ဘယ်သူမှ လဲ မရှိဘူး"

"အေးဟ ရေချိုးကန်ဆီ သွားတဲ့ အသံကွ လိုက်ကြည့် ရအောင်ကွာ"

"ကုလားမျိုးကို ဘယ်လိုလဲ သွားကြည့်မလား"

"သွားလေကွာ"

ကုလားရယ် ရဲထွန်းရယ် သုံးဦးသား ရေချိုးကန် ဘက်ကို ထွက်လာခဲ့တယ် ။ မှောင်နေပေမဲ့ လရောင်ကြောင့် ပတ်ဝန်းကျင်ကို ဝါးတားတားတော့ မြင်နေရတယ်၊ ခြေသံ မကြားရအောင် သုံးဦးသား လှမ်းလာခဲ့တယ်။ ရေချိုးကန် ဘေးမှာ ထိုင်နေတဲ့ အရိပ်ကို မြင်တော့ အသာအယာလေး အနားကပ် သွားလိုက်ပြီး ဘာလုပ်နေမလဲလို့ စိတ်ဝင်းစားစွာ အသာလေး နောက်ကနေ ခိုးကြည့် လိုက်တော့ ထိုင်နေတဲ့ လူက နောက်လှည့်ကြည့်ပြီး ရယ်ပြလိုက်တာ...

"အမလေးဗျ အား အမေ သရဲ သရဲ"

သုံးဦးသား ခြေဦးတည့်ရာ ပြေးလာခဲ့တယ်။ လမ်းမှာ ခလုပ်တိုက်လဲပေမဲ့ အမြန်ထပြီး ပြေးခဲ့ရတယ်၊ မပြေးဘဲ နေမလား ဟိုလူက ရယ်ပြတာတောင် မျက်နှာ တစ်ခြမ်းက မရှိတော့ဘူး။ မျက်လုံးကလည်း တစ်လုံးတည်းပါပြီး ကြောက်စရာ ကောင်းတော့လည်း ယောကျ်ားများ ဖြစ်ပေမဲ့လည်း မာရသွန်ပွဲလေး လုပ်လိုက်ရတယ်။

ဒီလိုနဲ့ နောက်တစ်ပတ် ကြာတော့ စိုက်ခင်းဘက်ကို တစ်လှည့် ကျတာနဲ့ အလုပ်လေး လုပ်ရင်း စကားတွေ ပြောကြ ရယ်လိုက် မောလိုက်နဲ့ ထောင်ဆိုတာ လူမိုက်တွေ အတွက်တော့ ယဉ်ကျေးလိမ္မာ သင်တန်းကျောင်းကြီးလို့ ထင်လာတယ်၊ မသိတဲ့ သူတွေ ကတော့ ကြောက်ကြမှာ

ပဲ။ သိရင်တော့ ပျော်စရာတွေနဲ့ ဗဟု သုတတွေ စိတ်ရင်း စေတနာတွေကို တွေ့မြင်ရတဲ့ နေရာလေး ဆိုတာ သိပြီး နေချင်စရာ ကောင်းတယ် ဆိုတာ သိသွားကြမှာ ပဲ။

ဒီလိုစိုက်ခင်း ဘက်ကနေ ညနေရောက်တော့ အခန်းကို ပြန်လာခဲ့တယ်။ အစားအသောက် ကလည်း မရိုးရဘူးဗျ ပဲဟင်း အာလူး ကန်စွန်းရွက် ပဲသီးတောင့် အသား ငါးလည်း တစ်ပတ်ကို တစ်ခါတော့ ကျွေးတယ်။ နည်းလမ်းကျကျ နေထိုင် ပြောဆိုရင်တော့ ထောင်ထဲမှာ ဘာမှ စိုးရိမ်စရာ မရှိဘူး။ နှစ်ကြီး သမားတွေနဲ့ တည့်အောင် ပေါင်းပြီး ဗဟု သုတ ရစရာ စာအုပ်လေးတွေ ဖတ်နေတုန်း အိမ်သာတက်ချင် လာတာနဲ့ အိမ်သာကို ထွက်လာခဲ့တယ်။ ညဆယ်နာရီ ကလည်း ကျော်နေပြီ ဆိုတော့ နည်းနည်းတော့ ကြောက်နေပေမဲ့ အိမ်သာတက်ချင်တဲ့ စိတ်ကြောင့် ကြောက်ကြောက်နဲ့ လာခဲ့တယ်။

အိမ်သာကို ရောက်တော့ အိမ်သာ အခန်တွေကို ကြည့်တော့ အလွတ်တစ်ခန်း ရှိတာနဲ့ ဝင်ပြီး တက်လိုက်တယ်။ ဖိမ်ကောင်းကောင်းတဲ့ တက်ကောင်းနေတုန်း ဘေးအိမ်သာကို လူတစ်ယောက် တက်လာတယ်။